# သာမန်ကာလ စတုတ္ထကြိမ်မြောက်တနင်္ဂနွေ

ရှင်မာကူး ၁း၂၁ - ၂၈

ယခုခေတ်အချိန်မှာ လူတွေက တရားဟောပြောသူတွေကို အလွယ်တကူ မယုံကြည်ကြတော့ပါဘူး။ ဘာလို့လဲဆိုတော့ တစ်ချို့ တရားဟောသူတွေက မရေရာ မသေချာတဲ့လေသံနဲ့ ဟောပြောကြတယ်။ တစ်ချို့က တစ်ဆင့်စကားနဲ့ ဟောပြောကြတယ်၊ ကိုယ့်စကား ကိုယ်တိုင်ယုံကြည်ချက်နဲ့ မဟောပြောကြဘူး၊ တစ်ချို့ကြ ပိုက်ဆံ ငွေကြေးကို မျှော်ကိုးပြီး ဟောပြောကြတယ်။ တစ်ချို့ကြ နာမည်ရချင်လို့ ၊ ကိုယ့်ဂုဏ်တက်ချင်လို့ အထင်ကြီးပေါက်နဲ့ ဟောပြောကြတယ်၊ တစ်ချို့ကြ ကိုယ်ဘယ်လောက်တတ်ကြောင်း ကြွားချင်လို့ ဟောပြောကြတယ်။ ဒါကြောင့် ကြားနာရတဲ့လူတွေမှာ မပြောင်းလဲကြတာပဲ။

ယနေ့ကြားနာရတဲ့ ရှင်မာကူး ဧဝံဂေလိကျမ်းစာထဲမှာ သခင်ယေဇူးရဲ့ဩဝါဒကို ကြားရပြီး လူတွေက ဘယ်လို သတိထားမိသလဲဆိုတာ ဖတ်ရပါတယ်။ ''လူတို့သည်လည်း ကိုယ်တော်၏သွန်သင်ချက်ကို အလွန်အံ့ဩကြ၏။ အကြောင်းမူကား ကိုယ်တော်သည် ကျမ်းတတ်ဆရာများကဲ့သို့ မဟုတ်ပဲ ဩဇာအာဏာရှိသူကဲ့သို့ ဟောပြောသွန်သင်တော်မူသောကြောင့် ဖြစ်၏။" လူတွေက ရိတ်မိကြတယ်။ ကျမ်းတတ်ဆရာတွေ ဟောပြောတာကျ သူကိုယ်တိုင်တောင် မခံစားရလို့ တွေဝေတဲ့လေသံနဲ့ ဟောပြောတာကိုး ။ သခင်ယေဇူးကတော့ ဘုရားနဲ့ အမြဲတမ်း ဆုတောင်းပြီး ဆက်သွယ်နေလို့ သေချာပေါက် ကိုယ်တိုင်ခံယူချက်နဲ့ ဟောပြောတာဆိုတော့ တရားနာပရိတ်သတ်က သတိထားမိတောပေါ့။

ဩဇာအာဏာရှိသူကဲ့သို့ ဟောပြောတယ်ဆိုတဲ့ ဩဇာအာဏာက ဘယ်ကရတဲ့ဟာလဲ။ ဘုန်းကြီးဖြစ်လာလို့ ရတဲ့ဟောပြောပိုင်ခွင့်အာဏာကို ပြောတာမဟုတ်ဘူး၊ ကျမ်းစာနဲ့ ပတ်သက်လို့ နိုင်ငံခြားမှာ သွားသင်ထားလို့ ဟောပြောပိုင်ခွင့်အာဏာကို ပြောတာလည်း မဟုတ်ဘူး။ Personal Authority လို့ခေါ်တဲ့ ဘုရားနဲ့ ကိုယ်နဲ့ ဆုတောင်းဆက်သွယ်ရာမှ ရရှိတဲ့ သေချာခြင်းပဲ၊ ဟောပြောချင်တဲ့တွန်းအားပါပဲ။

ယနေ့ဖတ်ရတဲ့ ပထမကျမ်းစာ တရားဟောရာကျမ်း ၁၈း မှာ ဘုရားသခင်က ပြောခိုင်းတာလည်း မဟုတ်ပဲနဲ့ ကိုယ့်ဖါသာကိုယ် လုပ်ဇာတ်ထွင်ပြီး မဟုတ်မမှန်ဟောပြောတဲ့ ပရောဖက်ဆိုရင် သေရလိမ့်မယ်။ ဘုရားက ဟောပြောခိုင်းတဲ့တရားကိုလည်း အရေးတယူ နားမထောင်တဲ့လူဟာလည်း တစ်နေ့ ဒီအတွက် ဖြေရှင်းချက်ပေးရပါလိမ့်မယ် တဲ့။ အဲဒီလို ဘုရားသခင်ရဲ့စကားနဲ့ဆိုရင် နတ်ဆိုးတွေကတောင် ကြောက်လို့ ထွက်ပြေးရတယ်ဆိုတာ ယနေ့ကျမ်းစာထဲမှာ ပါတယ်မဟုတ်ဘူးလား။

သခင်ယေဇူးကတော့ ဘာကြောင့် ဩဇာအာဏာနဲ့ ဟောပြောနိုင်တာလဲ။ သခင်ယေဇူးက ဩဝါဒပေးတဲ့အခါ သူ့ရင်ထဲကလာတဲ့စကားနဲ့ ဩဝါဒပေးတယ်၊ ဘုရားနဲ့ချိတ်ဆက်နေပြီး ဩဝါဒပေးတယ်။ သူ့ရဲ့ဩဝါဒက သူဆုတောင်းဆက်ဆံနေတဲ့ ခမည်းတော်ဘုရားရဲ့အကြောင်း၊ ဘုရားက လူတွေကို ဘယ်လောက်ချစ်ကြောင်း သူကိုယ်တိုင်တွေ့ထိခံစားရတာတွေကို

ဟောပြောလို့ ထိရောက်တာပါ။ သူ တတ်ထားတဲ့ပညာနဲ့ ဟောပြောတာ မဟုတ်ဘူး။ အင်တာနက်က ဩဝါဒတွေကို အတုခိုးတာမဟုတ်ဘူး။ ဘယ်စာအုပ်ကမှ ဖတ်ပြီးပြောတာလည်း မဟုတ်ဘူး။

နောက်ပြီး သခင်ယေရှုရဲ့ဩဝါဒက လူတွေအတွက် ထိရောက်စေတာကတော့ သူ့ရဲ့ တရားတော်နဲ့အညီ ကျင့်ကြံနေထိုင်ပုံကြောင့်ပါပဲ။ သူဟောပြောတဲ့အတိုင်း သူ ကျင့်ကြံတယ်။ သူခံယူထားတဲ့အတိုင်း သူဟောပြောတယ်။ ယခုခေတ် လူတွေကလည်း ပါးစပ်ကလေးနဲ့တင် ဟောပြောတာကို သိတ်နားမယောင်ကြတော့ဘူး။ ဩဝါဒအတိုင်း ကျင့်ကြံနေထိုင်ပုံ၊ သက်သေခံပုံတွေကြောင့် ပြောင်းလဲလာကြတာပါ။ အခုခေတ်လူတွေက အပြောသက်သက်နဲ့တော့ စိတ်မဝင်စားကြပါဘူး။ ဩဝါဒကို နေ့စဉ်ဘဝအသက်တာထဲမှာ လက်တွေ့မြင်ရမှ ယုံကြည်တာပါ၊ ဒါမှ ပြောင်းလဲချင်တာပါ။ ဒါမှ ကောင်းချင်ကြမှာပါ။ ယနေ့ကျမ်းစာမှာ ကြည့်ပါ့လား၊ သခင်ယေရှုရဲ့အမိန့်ကို နတ်ဆိုးကတောင် နာခံရတာပါပဲ။

သခင်ယေရှုက သူ့ရဲ့ကောင်းကျိုးအတွက် ဘယ်တော့မှ မလုပ်ပါဘူး။ လူတွေရဲ့ကောင်းကျိုးအတွက် အစေခံပေးတာတွေကိုပဲ တွေ့ရပါတယ်။ အခုလည်း နတ်ဆိုးစီးခံရတဲ့သူကို သနားပြီး နတ်ဆိုးကို နှင်ထုတ်တော်မူတာပါပဲ။ ကျနော်တို့လည်း ဩဝါဒပေးတဲ့အခါ ကိုယ့်အတွက် နာမည်ရအောင်၊ လူအထင်ကြီးအောင်ဆိုတဲ့ စိတ်ထားမျိုးကို ဖျောက်ပြီး လူတွေကို သနားတဲ့စိတ်၊ လမ်းမှား မရောက်စေချင်တဲ့စေတနာစိတ်တွေနဲ့ ဩဝါဒပေးဖို့ သတိထားရပါမယ်။

ကျနော်တို့လည်း သခင်ယေရှုလို ထိရောက်တဲ့ဩဝါဒ ပေးနိုင်ဖို့အတွက် ကိုယ့်စိတ်ထဲမှာ စိတ်နှစ်ခွ မရှိဖို့ အရေးကြီးပါတယ်။ ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ (ကော်ရိန္သု ပထမစောင် ၇း၃၂) မှာ သံပေါလူးက “ငါသည် သင်တို့ကို စိုးရိမ်ပူပန်ခြင်းများနဲ့ ကင်းဝေးစေလို၏။” တဲ့ ။ သင်က စိုးရိမ်ပူပန်နေမယ်ဆိုရင် ကိုယ်လုပ်ရမယ့် သာသနာ့တာဝန်လား / ကိုယ့်အိမ်ထောင်တာဝန်လား ကို စိတ်ဖြောင့်ဖြောင့်နဲ့ အာရုံစိုက်ပြီး လုပ်နိုင်မှာ မဟုတ်တော့ပါဘူး။ ကိုယ့်မှာ စိုးရိမ်ပူပန်စရာတွေ အများကြီး ရှိမှာပါ။ ဒါပေမဲ့ ဘုရားကို အာရုံစိုက်ပါ။ ဆိုလိုတာက ဘုရားကိုယုံပါ၊ ဘုရားကို အပ်နှံပြီး အလုပ်လုပ်ပါ။ ဘုရားနဲ့အတူရှိနေပါ။ စိုးရိမ်ပူပန်စရာတွေကို ဘုရားကို ပူဇော်အပ်နှံပြီး ဖြေရှင်းပါ။ ဘုရားကို အားကိုးပြီး အရာရာကို ကြံ့ကြံ့ခံပါ။ ဒါနဲ့ သင် လုပ်ဆောင်ရမယ့်အရာတွေကို စိတ်အာရုံအပြည့်ထားပြီး အစေခံနိုင်ပါလိမ့်မယ်။ သခင်ယေရှု မိန့်တော်မူတာက “သင်တို့သည် စိတ်နှလုံး ပူပန်ခြင်း မရှိကြလေနှင့်၊ စိတ်ပူပန်ခြင်းဖြစ်ဘာကောင်းကျိုး ရလို့လဲ” ဆိုပြီး မိန့်တော်မူထားပါတယ်။

ဒါကြောင့် စိတ်နှစ်ခွနဲ့ သောကများပြီး အလုပ်မလုပ်ပဲ စိတ်သန့်သန့်နဲ့ လုပ်ဆောင်နိုင်ဖို့ ကိုယ့်စိတ်ထဲမှာ “ငါဟာ ဘုရားကို အစေခံနေတာပဲ” လို့ အမြဲတမ်းသတိပေးပြီး စိတ်ထား တစ်စိတ်တစ်သဘောတည်းဖြစ်နေအောင် ကျိုးစားအာရုံစိုက်ရပါမယ်။ ဒီလို ကျင့်ကြံနေထိုင်နိုင်ဖို့ သင့်ကို ဘုရားရဲ့စကားတော်နဲ့ နေ့တိုင်း သတိပေး၊ အားပေးနေစရာလိုပါတယ်၊ ဆိုလိုတာကတော့ ဘုရားရဲ့စကားဖြစ်တဲ့ကျမ်းစာကို နေ့တိုင်းဖတ်ပြီး လမ်းညွှန်ချက်ခံယူပါ။ ဘုရားရဲ့အားပေးတဲ့ခွန်အားနဲ့ ကိုယ့်ကိုယ်ကို အားဖြည့်နေရပါမယ်။ ဒါကြောင့်

ယနေ့ဖတ်ရတဲ့ဆာလံမှာ "ယနေ့ သင်တို့သည် ဘုရားသခင်၏အသံကို ကြားရသောအခါ စိတ်နှလုံး တင်းမာ၍မထားကြလေနှင့်" တဲ့။

ဟုတ်ပါတယ်။ ဩဝါဒပေးတယ်ဆိုတာ လွယ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။ တစ်ခါတုံးက ခြင်္သေ့တစ်ကောင်က မနက်စောစော အစာရှာထွက်လာတယ်။ မနေ့ကလည်း တစ်နေကုန် ဘာမျှမစားရသေးတာမို့ ဗိုက်ဆာနေပါပြီ။ ဒီအခါ ယုန်တစ်ကောင်ကို ဖမ်းမိလို့ စားတော့မယ်အလုပ်မှာ ယုန်က သူ့ကို မစားဖို့ တောင်းပန်ပါတယ်။ ဒါပေမဲ့ ခြင်္သေ့က မနေ့ကကတည်းက ဘာမျှမစားရသေးတာမို့ မစားပဲမနေနိုင်တော့ဘူးလို့ ပြောပါတယ်။ ဒါနဲ့ ယုန်က "အသင်ခြင်္သေ့ ကျနော့်ကို စားချင်စားပါတော့။ ဒါပေမဲ့ ကျနော်တစ်ခုလောက် တောင်းဆိုပါရစေ။" ခြင်္သေ့က "ဘာလဲ ပြောမြန်မြန် ။ ငါ ဗိုက်ဆာလှပြီ။" ဒါနဲ့ ယုန်က "ကျနော့်ကို စားပြီးရင် အရှင်ခြင်္သေ့ ဩဝါဒ ပေးရမယ်" လို့ တောင်းဆိုလိုက်ပါတယ်။ ဒီအခါ ခြင်္သေ့က ခဏစဉ်းစားလိုက်တယ်။ "ငါက ဩဝါဒ ပေးရမယ်ဆိုရင် ဘာအကြောင်း ပြောရမှာပါလိမ့်၊ ချစ်ခြင်းမေတ္တာအကြောင်း ပြောဖို့ကလည်း လက်တွေ့မကျတော့ဘူး၊ ငါကိုယ်တိုင်တောင် ယုန်ကို မချစ်ပဲ သတ်စားတော့မှာ ဥစ္စာ " အဲဒီလို စဉ်းစားနေပြီး ခဏကြာတော့ မစားပဲ ပြန်သွားတဲ့ ဘာသာသူတို့ ။ ကိုင်း ဗိုက်ဆာနေတဲ့ခြင်္သေ့ကတောင် ဩဝါက ပေးရမှာစိုးလို့ အငတ်ခံသတဲ့ ။ မနေ့ကကတည်း ဘာမျှ မစားရသေးဘူးနော်။

ဘာသာသူတို့ ချစ်ခြင်းမေတ္တာမရှိတဲ့ဘုန်းကြီးက ဘယ်လိုလုပ် ချစ်ခြင်းမေတ္တာအကြောင်း ဩဝါဒပေးနိုင်မှာလဲ၊ မခွင့်လွှတ်တတ်တဲ့ဘုန်းကြီးက ဘယ်လိုလုပ် ခွင့်လွှတ်ခြင်းအကြောင်း ဩဝါဒ ပေးနိုင်မှာလဲ။ မိဘကို မချစ်တဲ့ဘုန်းကြီးက မိဘများပွဲနေ့မှာ ဘယ်လိုလုပ် မိဘကို ချစ်ရမယ်၊ ကျေးဇူးပြုရမယ်လို့ ဟောပြောနိုင်မှာလဲ။ ဩဝါဒပေးတယ်ဆိုတာ ကိုယ်က သဘောမတူပဲ၊ ကိုယ်ကိုယ်တိုင်က မခံယူပဲ ဘယ်လိုလုပ် ပြောထွက်ပါတော့မလဲ။ ဩဝါဒပေးရတာ ဘဝနဲ့ ရင်းပြီးပေးရတာ ဘာသာသူတို့။ ဒါပေမဲ့ ဘာသာသူတို့ သခင်ယေဇူးက ရောဂါပျောက်ကင်းပေးလိုက်တဲ့လူကို "သင့်ကို ငါက ကုသပေးလိုက်တယ်ဆိုတာ ဘယ်သူ့မျှ မပြောပါနဲ့" လို့ သခင်ယေဇူး ကိုယ်တိုင်က တားမြစ်ရဲ့သားနဲ့ ဒီလူက မပြောပဲ မနေနိုင်ဘူးဗျာ ။ ကျနော်တို့ကျ ဘာကြောင့် မဟောပြောချင်ကြတာလဲ။ တစ်ချို့က ဩဝါဒပေးဖို့ ငြင်းဆန်ကြတယ်။ မပြောချင်ကြဘူး။ ရှင်းပါတယ်။ သူတို့က ဘုရားနဲ့ မထိတွေ့ခဲ့ရလို့ပါပဲ။ ဘုရားနဲ့ ထိတွေ့ခံစားရတယ်ဆိုရင် မဟောပြောပဲ မနေနိုင်ဘူး။

နားဆင်သူအားလုံးအပေါ် ဘုရားသခင် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။